(မူကြမ်း)

# မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ဥပဒေကို ပြင်ဆင်သည့်ဥပဒေ(၂၀၁၉)

(၂၀၁၉ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်      ။)

၁၃၈၀ ပြည့်နှစ်၊                              ရက်

(၂၀၁၉ ခုနှစ်၊                    လ         ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေကို ပြင်ဆင်သည့်ဥပဒေ (၂၀၁၉)** ဟု ခေါ်တွင်စေရမည်။

၂။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ ပုဒ်မ ၂၊ ပုဒ်မခွဲ (ဃ) ကိုအောက်ပါအတိုင်း အစားထိုးရမည်-

(ဃ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာနကို ဆိုသည်။

၃။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ ပုဒ်မ ၉၉ ခြေဆင်းပါ "စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန" ဆိုသည့် စကားရပ်ကို "ဝန်ကြီးဌာန" ဟု အစားထိုးရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ် ရေးထိုးသည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ရည်ရွယ်ချက်

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေကို ပြင်ဆင်သည့် ဥပဒေ (၂၀၁၉) အား ပြဋ္ဌာန်းခြင်းဖြင့် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် (၄၀) ဖြင့် ပြည်ထောင်စုလွှတ်တော်က အတည်ပြုပြဋ္ဌာန်းခဲ့သည့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် နိုင်ငံ၏လိုအပ်ချက်အရ ဖွဲ့စည်း ပေါ်ပေါက်လာသည့် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၏ ဦးစီးဌာနတစ်ခုအဖြစ် ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၏ လက်ရှိတာဝန်ယူလျက်ရှိသည့် အခြေအနေတို့ ကိုက်ညီမှုရှိစေနိုင်ရန် ရည်ရွယ်ပါသည်။

# ကျိုးကြောင်းဖော်ပြချက်

<table>
<tr><th>စဉ်</th><th>ပြင်ဆင်သည့်ပြဋ္ဌာန်းချက်</th><th>မူလပြဋ္ဌာန်းချက်</th><th>ကျိုးကြောင်း ဖော်ပြချက်</th></tr>
<tr><td>၁။</td><td>ပုဒ်မ ၂<br>ဝန်ကြီးဌာန ဆိုသည်မှာ ပြည်ထောင်စုအစိုးရ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ကို ဆိုသည်။</td><td>ပုဒ်မ ၂(ဃ)<br>ဝန်ကြီးဌာန ဆိုသည်မှာ ပြည်ထောင်စုအစိုးရ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ကို ဆိုသည်။</td><td rowspan="2">မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ ကော်မရှင်ရုံး ဖြစ်သည့်ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာနသည်ယခုအခါ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီးဌာန ၏ဦးစီးဌာနတစ်ခုအဖြစ် တာဝန်ဆောင်ရွက်လျက် ရှိခြင်း၊ ဘဏ္ဍာရေးဆိုင်ရာ ကိစ္စရပ်များသည်လည်း ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြား စီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ၏ ဘတ်ဂျက် ခွင့်ပြုငွေမှ အသုံးပြုခြင်း တို့ကြောင့် ပြင်ဆင်ရန် လိုအပ်ခြင်း ဖြစ်ပါသည်။</td></tr>
<tr><td>၂။</td><td>ပုဒ်မ ၃<br>မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ ပုဒ်မ ၉၉ ခေါင်းစဉ်ပါ "စီမံကိန်းနှင့်ဘဏ္ဍာရေး ဝန်ကြီးဌာန" ဆိုသည့် စကားရပ်ကို "ဝန်ကြီးဌာန" ဟု အစားထိုးရမည်။</td><td>ပုဒ်မ ၉၉<br>ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ဆောင်ရွက်နိုင်စေရန် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဌာနသည် -<br>(က) ကော်မရှင်၏ရုံးလုပ်ငန်း များကိုတာဝန်ယူဆောင် ရွက်ရမည်။<br>(ခ) ကော်မရှင်ကုန်ကျစရိတ် များကိုဘဏ္ဍာရေးစည်းမျဉ်း စည်းကမ်းများနှင့်အညီ ကျခံရမည်။</td></tr>
</table>